**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**အမိန့်အမှတ်၊ ၆၃ / ၂၀၂၀**
**၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်**
**( ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၈ ရက် )**

ဦးစွာအသုံးပြုသူကို အခွင့်အရေးပေးသောစနစ် ( First to Use System ) မှ ဦးစွာလျှောက်ထားသူကို အခွင့်အရေးပေးသောစနစ် ( First to File System ) သို့ ကူးပြောင်းရာတွင် အဆင်ပြေချောမွေ့စေရန်အလို့ငှာ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၉၃၊ ပုဒ်မခွဲ (က) ပါ အမှတ်တံဆိပ်ပိုင်ရှင်များအတွက် ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

## ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေနှင့်အညီ မှတ်ပုံတင်လျှောက်ထားရန် အမိန့်

၁။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၉၃၊ ပုဒ်မခွဲ (က) ပါ အမှတ်တံဆိပ်ပိုင်ရှင်များ ဆိုသည်မှာ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအာဏာမတည်မီ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသည့် အမှတ်တံဆိပ်ပိုင်ရှင်နှင့် မှတ်ပုံမတင်ထားသော်လည်း နိုင်ငံတော်၏ ဈေးကွက်အတွင်းတွင် အမှန်တကယ် အသုံးပြုနေသော အမှတ်တံဆိပ်ပိုင်ရှင်များကို ဆိုသည်။

၂။ အထက်အပိုဒ် ၁ ပါ အမှတ်တံဆိပ်ပိုင်ရှင်များသည် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၉၃၊ ပုဒ်မခွဲ (ခ) ပါ အသုံးပြုခြင်းဆိုင်ရာ ဦးစားပေးအခွင့်အရေးကို ရရှိလိုလျှင် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍ အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားခြင်းအား တရားဝင်စတင်လက်ခံမည့် နေ့ရက်မတိုင်မီ အချိန်ကာလအတွင်း မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။ အဆိုပါအချိန်ကာလအတွင်း လျှောက်ထားခဲ့ပြီး သတ်မှတ်ထားသည့် အခကြေးငွေ ပေးသွင်း၍ လျှောက်ထားချက်ပါ လိုအပ်သည့် အခြေခံအချက်အလက်များ ပြည့်စုံလျှင် အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းအား တရားဝင်စတင်လက်ခံသည့်နေ့ရက်ကို မှတ်ပုံတင် လျှောက်ထားချက်တင်သွင်းသည့်နေ့ (Filing Date) အဖြစ် ရရှိမည် ဖြစ်သည်။

၃။ (က) ပထမအဆင့်အနေဖြင့် အမှတ်တံဆိပ်ပိုင်ရှင်များသည် အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားခြင်းကို ဝန်ဆောင်မှုအဖြစ် ဆောင်ရွက်နေသော လုပ်ငန်း၊ ကုမ္ပဏီနှင့် ဥပဒေအကျိုးဆောင်အဖွဲ့ (Law Firm) များမှတစ်ဆင့် စားသုံးသူရေးရာဦးစီးဌာနမှ သတ်မှတ်ထားသည့် အီလက်ထရောနစ်နည်းဖြင့် လျှောက်ထားနိုင်မည် ဖြစ်သည်။

(ခ) ဒုတိယအဆင့်အနေဖြင့် အမှတ်တံဆိပ်ပိုင်ရှင်များသည် ၎င်းကိုယ်တိုင်ဖြစ်စေ၊

ဌာနမှ သတ်မှတ်ထားသည့် အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ လျှောက်ထား နိုင်မည်ဖြစ်သည်။

(ဂ) အပိုဒ် (ခ) ပါ လျှောက်ထားသည့် အမှတ်တံဆိပ်ပိုင်ရှင်များသည် အပိုဒ် (က) ပါ လျှောက်ထားသည့် အမှတ်တံဆိပ်ပိုင်ရှင်များနည်းတူ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေပုဒ်မ ၉၃၊ ပုဒ်မခွဲ (ခ) ပါ အသုံးပြုခြင်းဆိုင်ရာ ဦးစားပေးအခွင့်အရေးနှင့် အပိုဒ် ၃ ပါ လျှောက်ထားချက် တင်သွင်းသည့်နေ့အား တန်းတူအခွင့်အရေး ရရှိမည် ဖြစ်သည်။

၄။ ထိုသို့ လျှောက်ထားရာတွင် ယခုအမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ရယူလိုသော အမှတ်တံဆိပ်နှင့် ယခင်စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသော အမှတ်တံဆိပ် သို့မဟုတ် နိုင်ငံတော်၏ ဈေးကွက်အတွင်းတွင် အမှန်တကယ်အသုံးပြုနေသော အမှတ်တံဆိပ် တို့သည် ထပ်တူညီရမည့်အပြင် ယင်းအမှတ်တံဆိပ်အတွက် အသုံးပြုမည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမျိုးအစားများသည်လည်း ထပ်တူညီရမည်။ ယင်းကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု အမျိုးအစားကို ထပ်မံချဲ့ထွင်၍ ဖော်ပြခဲ့လျှင် ၎င်းတို့အား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၅။ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမျိုးအစားများကို ဖော်ပြရာတွင် အပြည်ပြည်ဆိုင်ရာ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားအုပ်စုခွဲခြားခြင်း (International Classification – Nice Classification) ကို အခြေခံ၍ အသေးစိတ်ဖော်ပြရမည်ဖြစ်သည်။

၆။ အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားခြင်းအပါအဝင် ယင်းနှင့်သက်ဆိုင်သည့် အခကြေးငွေများနှင့် အဆိုပါအခကြေးငွေများကို ပေးဆောင်ရမည့်နည်းလမ်းများအား ကုန်အမှတ် တံဆိပ်မူပိုင်ခွင့် ဥပဒေအာဏာသက်ဝင်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်းမပြုမီ သီးခြား ထုတ်ပြန်ကြေညာသွား မည်ဖြစ်သည်။

၇။ ယခင်က စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားခဲ့ပြီးဖြစ်ကြောင်း သို့မဟုတ် မှတ်ပုံမတင်ထားသော်လည်း အဆိုပါအမှတ်တံဆိပ်အား နိုင်ငံတော်၏ ဈေးကွက်အတွင်းတွင် အသုံးပြုခဲ့ကြောင်းနှင့် လက်ရှိအချိန်ထိ အဆိုပါအမှတ်တံဆိပ်ကို မိမိတစ်ဦးတည်းသာ အသုံးပြုလျက် ရှိကြောင်း အောက်ဖော်ပြပါ မည်သည့်အချက်အလက်များကိုမဆို အထောက်အထားအဖြစ် တင်ပြ နိုင်သည် –

(က) ယခင်က စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်၊

(ခ) စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ခဲ့သည့် မှတ်ပုံတင်လက်မှတ် (မိတ္တူမှန်)၊

(ဂ) သတင်းစာ သို့မဟုတ် အများပြည်သူသိရှိစေရန် ကြေညာခဲ့သည့် အထောက်အထား၊

(ဃ) နိုင်ငံတော်၏ ဈေးကွက်အတွင်း အမှန်တကယ် အသုံးပြုခဲ့သည့် အထောက်အထား၊

( င ) မိမိအမှတ်တံဆိပ်အား ဈေးကွက်မြှင့်တင်ခဲ့သည့် သို့မဟုတ် အရောင်းမြှင့်တင်ခဲ့သည့် ကြော်ငြာချက် အထောက်အထား၊

( စ ) အခွန်ပြေစာ သို့မဟုတ် ကုန်ကျစရိတ်ပြေစာ၊

(ဆ) လျှောက်ထားသူသည် ယခင်စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားခဲ့သည့် အမှတ်တံဆိပ်ပိုင်ရှင် မဟုတ်ခဲ့လျှင် အမှတ်တံဆိပ်ပိုင်ရှင်မှ လွှဲပြောင်းခဲ့ခြင်း သို့မဟုတ် အမှတ်တံဆိပ်ပိုင်ရှင်မှ အမည်ပြောင်းထားခြင်း ကဲ့သို့သော အထောက်အထား၊

( ဇ ) အခြားအထောက်အထားများ။

၈။ မြန်မာနိုင်ငံ၏ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပါ အမှတ်တံဆိပ်အခွင့်အရေးများကို ရရှိလိုသော ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၉၃၊ ပုဒ်မခွဲ (က) နှင့် အကျုံးမဝင်သည့် အမှတ်တံဆိပ်ပိုင်ရှင်များသည် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ အာဏာတည်ပြီးနောက် အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းအား တရားဝင် စတင်လက်ခံသည့်နေ့ရက်မှစ၍ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လျှောက်ထားနိုင်သည်။

(ပုံ)

ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာအမှတ်၊ ၁၁ / ၂ - ၃၇ / ၂၀၂၀ ( ၈ )
ရက် စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၈ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံပြန်တမ်းတွင်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } ထည့်သွင်းကြေညာပေးပါရန်
ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ
အသင်းချုပ် ( ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ )

အမိန့်အရ

( မြင့်လွင် )
ညွှန်ကြားရေးမှူးချုပ်